# Twenty-Fifth Sunday in Ordinary Time (September 21, 2014)

## 1st READING: *Isaiah 55:6-9*

ဟေရှာယအနာဂတ္တိကျမ်း ၅၅း ၆–၉

တွေ့နိုင်သည်ကာလတွင်ထာဝရဘုရားကိုရှာကြလော့။ နီးတော်မူသည် ကာလတွင ဆုတောင်းပဌနာပြုကြလော့။ ဆိုးသောသူသည်မိမိလမ်းကိုရင်းင်း၊မတရားသောသူသည်မိမိအကြံကိုရင်းင်းစွန့်ပစ်၍၊ထာဝရဘုရားထံသို့ပြောင်းလဲပါစေ။ သို့ပြုလျှင်သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင်ထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင်အထူးသဖြင့်အပြစ်ကိုလွှတ်တော်မူလိမ့်မည်။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည်သင်တို့၏အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်းသင်တို့၏အကျင့်နှင့်မတူ။မိုဃ်းကောင်းကင်သည်မြေကြီးထက်သာ၍မြင့်သကဲ့သို့၊ငါ၏အကျင့်သည်လည်းသင်တို့၏အကျင့်ထက်ရင်းင်း၊ငါ၏အကြံအစည်သည်သင်တို့၏အကြံအစည်ထက်ရင်းင်း၊ သာ၍မြင့်၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms  145: 2-3, 8-9, 17-18

ဆာလံကျမ်း    ၁၄၅

**သံပြိုင်**။   ။   ထာဝရဘုရားသည်မိမိကိုခေါ်တအသနားခံသောသူအပေါင်းတို့၏အနီး တွင် ရှိတော်မူ၏။

R.  **The Lord is near to all who call upon him.**

၁။ တပည့်တော်သည်နေ့စဉ်နေ့တိုင်းကိုယ်တော့်ကိုကောင်းကြီးပေးပါမည်။ ကာလအစဉ်အဆက်ကိုယ်တော်၏နာမတော်အားချီးမွမ်းထောမနာပြုပါမည်။ ထာဝရဘုရားသည်ကြီးမြတ်တော်မူ၍ချီးမွမ်းထောမနာပြုခြင်းကိုအလွန်ခံထိုက်တော်မူ၏။ ကိုယ်တော်၏ကြီးမြတ်တော်မူခြင်းသည်တိုင်းတာ၍မရနိုင်ပါ။ **သံပြိုင်**။

Every day will I bless you,and I will praise your name forever and ever.Great is the LORD and highly to be praised; his greatness is unsearchable.

၂။ ထာဝရဘုရားသည်ကျေးဇူးတော်နှင့်ပြည့်စုံတော်မူ၍သနားကရုဏာရှင်ဖြစ်တော်မူ၏။ကိုယ်တော်သည်စိတ်ရှည်သည်းခံတော်မူ၍၊ခိုင်မြဲသောကရုဏာမေတ္တာတော်နှင့်ကြွယ်ဝတော်မူ၏။ ကိုယ်တော်သည်လူအားလုံးအပေါ်ကောင်းမြတ်တော်မူ၍မိမိဖန်ဆင်းတော်မူသောအရာသတ္တဝါတို့အပေါ်သနားကြင်နာတော်မူ၏။ **သံပြိုင်**။

The LORD is gracious and merciful, slow to anger and of great kindness. The LORD is good to all and compassionate toward all his works.

၃။ ထာဝရဘုရားသည်မိမိလမ်းတော်တို့တွင်တရားမျှတတော်မူ၍မိမိပြုတော်မူသောအမှုအရာတို့၌သနားကရုဏာနှင့်ပြည့်စုံတော်မူ၏။ ထာဝရဘုရားသည်မိမိကိုခေါ်တအသနားခံသောသူအပေါင်းတို့၏အနီး တွင် ရှိတော်မူ၏။ ကိုယ်တော်သည်သစ္စာသမ္မာတရား၌ကိုယ်တော်ကိုအသနားခံသောသူအပေါင်းတို့၏အနီးတွင်ရှိတော်မူ၏။ **သံပြိုင်**။

The LORD is just in all his ways and holy in all his works. The LORD is near to all who call upon him, to all who call upon him in truth.

**2nd READING: Philippians 1:20c-24, 27a**

ဖိလိပ္ပိသြဝါဒစာ ၁း ၂၀–၂၄။ ၂၇

လွတ်မြောက်မည်ကိုငါသိရှိ၏။ ငါသည်မည်သည့်အခါမျှ မိမိ၏တာဝန်ကို မပျက်ကွက်စေဘဲလျက် အရာခပ်သိမ်းတို့၌လည်းကောင်း၊အထူးသဖြင့် ယခုအချိန်၌လည်းကောင်း၊ ငါသည်ရဲစွမ်းသတ္တိနှင့်ပြည့်စုံလျှက် အသက်ရှင်သည်ဖြစ်စေ၊ ဗသသည်ဖြစ်စေ ငါ့အစွမ်းသတ္တိရှိသမျှနှင့် ခရစ်တော်၏ဘုန်း ထင်ရှားလာစေရန် အလွန်မျှော်လင့်တောင့်တခြင်းရှိ၏။ အသက်ရှင်ခြင်းဟူသည်မှာအဘယ်နည်း။ ငါ၏အဖို့မှာ အသက်ရှင်ခြင်း သည်ခရစ်တော်ပင်ဖြစ်၏။ သေလျှင်မူကားသာ၍အကျိုးရှိ၏။ သို့ရာတွင်အကယ်၍ငါသည်ဆက်လက်အသက်ရှင်ခြင်းအားဖြင့် ပိုမိုအကျိုးပြုနိုင်မည်ဆိုပါလျှင် အသက်ရှင်ခြင်းနှင့် သေခြင်းတို့အနက် မည်သည်ကိုရွေးချယ်ရပါမည်နည်း။ငါ့တွင်စိတ်နှစ်ခွဖြစ်လျှက်ရှိ၏။ ငါသည်ဤလောကကိုစွန့်ခွါ၍ခရစ်တော်နှင့်အတူနေလိုသောဆန္ဒပြင်းပြလျှက် ဤသို့ပြုခြင်းသည် ငါ့အတွက်အကျိုးရှိနိုင်ပေမည်။ သို့သော်လည်း သင်တို့၏အကျိုးကိုထောက်မျှော်၍ငါသည်ဤလောကတွင်အသက်ရှင်နေထိုင်ခြင်းကားပို၍ပင်အကျိုးရှိနိုင်မည်ဖြစ်၏။ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ကြလိမ့်မည်။ယခုတွင်အရေးကြီးသောအရာမှာသင်၏ဘဝအသက်တာကိုခရစ်တော်၏တရားတော်နှင့်အညီ ပြုမူနေထိုင်ကြရပေမည်။ သို့မှသာသင်တို့ထံသို့ငါပြန်လာသည်ဖြစ်စေမလာသည်ဖြစ်စေ၊ ဧဝံဂေလိတရားနှင့်ဆိုင်သောယုံကြည်ခြင်းအတွက် သင်တို့သည်တစ်ပါးတည်းသောစိတ်၌တည်၍တစ်ညီတစ်ညွတ်တည်းကြိုးစားလျှက်ရှိကြောင်းကိုငါတွေ့မြင်ကြားသိလိုပါ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Matthew 20: 1-16a*

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၂၀း ၁–၁၆**

ကောင်းကင်နိုင်ငံတော်ကို မိမိစပျစ်ဥယျာဉ်တွင် အလုပ်လုပ်မည့်သူတို့ကို ငှားရန်နံနက်စောစောထွက်သွားသောဥယျာဉ်ပိုင်ရှင်နှင့်ပုံခိုင်းနှိုင်းနိုင်၏။ သူသည်အလုပ်သမားများအားတနေ့လျှင်ဒေဏာရီတစ်ပြားစီပေးရန်သဘောတူပြီးမိမိစပျစ်ဥယျာဉ်သို့သူတို့ကိုစေလွှတ်လိုက်၏။ သူသည်နံနက်ကိုးနာရီခန့်တွင်ထွက်သွားရာဈေးအပြင်၌အခြားသူများအလုပ်မရှိဘဲရပ်နေသည်ကိုမြင်လျှင် သူတို့အားသင်တို့သည်လည်း ငါ့စပျစ်ဥယျာဉ်သို့သွားကြလော့၊ ထိုက်သင့်သောအခကိုငါပေးမည်ဟုဆိုသော ထိုသူတို့သည်လည်းသွားကြ၏။ တဖန်မွန်းတည့်အချိန်၌လည်းကောင်း၊ မွန်းလွဲသုံးနာရီအချိန်၌လည်းကောင်း၊ သူသည်ထွက်သွားပြန်၍ထိုနည်းတူပြု၏။ ညနေငါးနာရီအချိန်၌ သူသည်ထွက်သွားပြန်လျှင် အခြားသောသူတို့ရပ်နေသည်ကိုတွေ့၍ သင်တို့သည်တစ်နေ့လုံးအလုပ်မလုပ်ဘဲဤအရပ်မှာ အဘယ်ကြောင့်ရပ်နေကြသနည်း ဟုမေးလေ၏။ထိုသူတို့ကကျွန်တော်တို့ကိုမည်သူမျှမငှါးသောကြောင့်ဖြစ်ပါသည်ဟုဖြေကြသော်သင်တို့သည်လည်းငါ့စပျစ်ဥယျာဉ်သို့သွားကြလော့ဟုဆိုလေ၏။ညနေအလုပ်သိမ်းသောအခါဥယျာဉ်ရှင်ကမိမိငွေထိန်းအားပြောသည်မှာအလုပ်လုပ်သူများအားခေါ်လော့၊နောက်ဆုံးအလုပ်ဝင်သူတို့မှစ၍ပထမဆုံးဝင်သူများတိုင်အောင်လုပ်ခကိုပေးလော့ဟုဆို၏။သို့ဖြစ်၍ညနေငါးနာရီအချိန်တွင်အလုပ်ဝင်သောသူတို့လာကြသောအခါ သူတို့သည်ဒေဏာရီတစ်ပြားစီရရှိကြ၏။ပထမဆုံးအလုပ်ဝင်သောသူတို့အလှည့်သို့ရောက်သောအခါသူတို့သည်ပို၍ရမည်ဟုထင်မှတ်ခဲ့ကြ၏။သို့ရာတွင်သူတို့သည်လည်းဒေဏာရီတစ်ပြားစီကိုသာရရှိကြသဖြင့်၊ဥယျာဉ်ပိုင်ရှင်အားမကျေမနပ်ပြောဆိုကြသည်မှာ။ နောက်ဆုံးအလုပ်ဝင်သောဤသူတို့မှာ တစ်နာရီမျှသာအလုပ်လုပ်ကြသော်လည်းအရှင်သည်သူတို့အားတစ်နေ့လုံးနေပူဆင်းရဲခံရသောကျွန်တော်တို့နှင့်တန်းတူပြုပါပြီတကားဟုဆိုကြ၏။ အလုပ်ရှင်ကလည်း ထိုသူတို့အနက်တစ်ဦးအား မိတ်ဆွေ၊ ငါသည်သင့်အပေါ်မတရားပြုသည်မဟုတ်၊သင်သည်ဒေဏာရီတစ်ပြားဖြင့်အလုပ်လုပ်ရန်ငါနှင့်သဘောတူခဲ့သည်မဟုတ်လော။ သင်၏လုပ်အားခကိုယူ၍သွားလော့။နောက်ဆုံးဝင်သောဤသူအားလည်း၊သင်နှင့်အညီအမျှပေးခြင်းငှာငါအလိုရှိ၏ငါပိုင်ဆိုင်သည့်အရာကိုငါအလိုရှိသည့်အတိုင်း၊ပြုပိုင်ခွင့်မရှိပါသလော။ငါသည်ရက်ရောသောကြောင့်သင်မနာလိုဝန်တိုစိတ်ရှိသလောဟုဆို၏။ထိုနည်းတူနောက်ဆုံးသောသူတို့သည်ပထမဦးဆုံးဖြစ်ကြလိမ့်မည်ပထမဦးဆုံးသောသူတို့သည်နောက်ဆုံးဖြစ်ကြလိမ့်မည်၊အကြောင်းမူကားခေါ်တော်မူခြင်းခံရသူများသော်လည်းရွေးကောက်ခြင်းခံရသောသူနည်း၏ဟုကိုယ်တော်မိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။